**ရက်စွဲ။ ။ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်**

**သတင်းထုတ်ပြန်ချက်**

## မြန်မာစစ်အုပ်စုအပေါ် အာဆီယံ၏ ထိတွေ့ဆက်ဆံမှုသည် စစ်ကောင်စီ၏ လက်တွေ့လုပ်ရပ်များနှင့် ကိုက်ညီရန် လိုအပ်သည်။

မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးဖော်ဆောင်ရန် အာဆီယံ၏ကတိကဝတ်ပြုချက်များနှင့် မြန်မာစစ်ကောင်စီက အရပ်သားပြည်သူများအပေါ် ဆက်လက်တိုက်ခိုက်နေမှုများအကြားကွာဟချက်ပိုမိုကျယ်ပြန့်လာနေသည့် အပေါ် ကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ရက်(KPSN)က များစွာစိုးရိမ်ပူပန်မိပါသည်။

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့က ပြုလုပ်ခဲ့သည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့် စစ်ကောင်စီတို့ ၏တွေ့ဆုံပွဲတွင် အာဆီယံအနေဖြင့် **အကြမ်းဖက်မှုများ ချက်ချင်းရပ်တန့်ရန်** အရေးတကြီးလိုအပ်ချက်အပါအဝင် ဘုံသဘောတူညီချက် ၅ ရပ် (Five-Point Consensus)အပေါ် ဆက်လက်ဆုပ်ကိုင်ထားကြောင်း ထပ်လောင်းပြောကြားခဲ့သည်။ ဤကတိကဝတ်သည် နှုတ်ကတိစကားသက်သက်ထက်ပိုမိုလက်တွေ့ကျရမည်ဖြစ်ပြီး အကြမ်းဖက်မှုများကိုအမှန်တကယ်လျှော့ချရန်၊ တိုက်ပွဲများကိုချက်ချင်းရပ်တန့်ရန်နှင့် အရပ်သားများအပေါ် စစ်တပ်၏ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှုများကို အဆုံးသတ်ရန်လို အပ်ပါသည်။

သို့သော်လည်း ယင်းအစား မြန်မာစစ်တပ်သည် အကြမ်းဖက်စစ်ဆင်ရေးကို ပိုမိုတိုးမြှင့်လုပ်ဆောင်ခြင်းဖြင့်သာ တုံ့ပြန်ခဲ့သည်။

အာဆီယံဝန်ကြီးများက စစ်ကောင်စီကိုယ်စားလှယ်နှင့် အလွတ်သဘောဆွေးနွေးပွဲ မပြုလုပ်မီတစ်ရက်အလိုဖြစ်သော **၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်**နေ့တွင် မြန်မာစစ်တပ်၏ ဂျက်တိုက်လေယာဉ်တစ်စင်းက မူတြော်ခရိုင်၊ လူသောမြို့နယ်၊ တယ်ဂေါ်ကျိုးကျေးရွာအတွင်းသို့ ဗုံး ၄ လုံး ကြဲချခဲ့ပြီး၊ လေယာဉ်ဖြင့် ဗုံး ၃၆ လုံး ကြဲချတိုက်ခိုက်ခဲ့သည်။ **ယင်းဗုံးကြဲမှုကြောင့် အသက် ၈ နှစ်၊ ၁၉ နှစ်နှင့် ၄၁ နှစ်အရွယ်အမျိုး သား ၃ ဦးနှင့် အသက် ၃၅**

**နှစ်အရွယ် အမျိုးသမီး ၁ ဦး ဒဏ်ရာရရှိခဲ့ကာ နေအိမ် ၁၆ လုံး၊ စပါးကျီ ၁ လုံးနှင့် ဆိုင်ကယ် ၂ စီး ပျက်စီး ဆုံးရှုံးခဲ့သည်။**

**၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်**နေ့တွင်လည်း မြန်မာစစ်တပ်၏ Y-12 လေယာဉ်တစ်စင်းက ခလယ်လွိုထူ ခရိုင်၊ မူးမြို့နယ်ရှိ လယ်ကတော၊ ဟဲအောင်၊ ရှဲဒေးနှင့် မောပူကျေးရွာများအတွင်းသို့ ဗုံး ၂၂ လုံး ကြဲချခဲ့ရာ **အသက် ၆၅ နှစ်နှင့် ၅၇ နှစ်အရွယ် အမျိုးသမီး ၂ ဦး သေဆုံးခဲ့ပြီး ဆိုင်ခန်း ၂ ခန်း ပျက်စီးခဲ့သည်။**

ယနေ့ထုတ်ပြန်ချက်ထုတ်သည့်နေ့မှာပင် ကော်သူးလေနယ်မြေရှိ ခရိုင်အချို့တွင် လေကြောင်းမှဗုံးကြဲတိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေသဖြင့်ဒေသခံမိသားစုများမှာ ဘေးလွတ်ရာသို့ထွက်ပြေးတိမ်းရှောင်နေရပြီး စဉ်ဆက်မပြတ်စိုးရိမ်ကြောက်လန့်မှုများဖြင့် နေထိုင်နေကြရသည်။

ဤတိုက်ခိုက်မှုများသည် စစ်ကောင်စီအနေဖြင့် အာဆီယံ၏ ဘုံသဘောတူညီချက် ၅ ရပ်အနက် အရေးအကြီးဆုံးနှင့် ပထမဆုံးအချက်ကိုလိုက်နာရန်လုံးဝဆန္ဒမရှိကြောင်း သက်သေပြနေသည်။ အာဆီယံနှင့် ထိတွေ့ဆက်ဆံမှုပြုလုပ်ပြီးသည်နှင့် အကြမ်းဖက်မှုများကိုလျှော့ချမည့်အစား တိုက်ခိုက်မှုများကိုချက်ချင်းပိုမိုပြင်းထန်စွာ လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။

အာဆီယံအနေဖြင့် ဤတိုက်ခိုက်မှုများကို ပြတ်ပြတ်သားသား ပြစ်တင်ရှုတ်ချရမည်ဖြစ်ပြီး မြန်မာစစ် တပ်၏ လုပ်ရပ်များအတွက် တာဝန်ယူမှုရှိစေရန် ဆောင်ရွက်ရမည်။ သံတမန်ရေးအရ ထိတွေ့ဆက်ဆံ ခြင်းသည် အရပ်သားများအပေါ် စစ်ရာဇဝတ်မှုများ ဆက်လက်ကျူးလွန်နေမှုအတွက် ဆုလာဘ်တစ်ခု မဖြစ်စေသင့်ပါ။ **စစ်ကောင်စီအနေဖြင့် အရပ်သားများအပေါ် တိုက်ခိုက်နေခြင်းကိုရပ်တန့်ပြီး ဘုံသ ဘောတူညီချက် ၅ ရပ်ကို အကောင်အထည်ဖော်နေကြောင်းလက်တွေ့ပြသနိုင်သည့် သက်သေအ ထောက်အထားများမရှိသရွေ့ ၎င်းတို့နှင့် ပုံမှန်ဆက်ဆံရေး သို့မဟုတ် တရားဝင် ထိတွေ့ဆက်ဆံမှုမျိုး** လုံးဝမပြုလုပ်သင့်ပါ။

၅ နှစ်ကျော်ကာလအတွင်း မြန်မာစစ်တပ်ထံမှ ကတိကဝတ်များကို အာဆီယံကထပ်လဲလဲကြားခဲ့ရသော်လည်း အရပ်သားပြည်သူများမှာမူ လေကြောင်းတိုက်ခိုက်မှုများ၊ လက်နက်ကြီးကျည်ကျရောက်မှုများ၊ မတရားဖမ်းဆီးခံရမှုများနှင့် ကျယ်ပြန့်သောလူ့အခွင့်အရေးချိုးဖောက်မှုဒဏ်များကို ဆက်လက် ခံစားနေရဆဲဖြစ်သည်။ အာဆီယံအနေဖြင့် စစ်ကောင်စီ၏ပြောစကားများအပေါ်မူတည်ပြီးဆုံးဖြတ်ခြင်းမပြုဘဲ ၎င်းတို့၏လက်တွေ့လုပ်ရပ်များအပေါ်တွင်သာစောင့်ကြည့်အကဲဖြတ်သင့်သည်။

ကရင်ရိုးရာစကားပုံတစ်ခုရှိသည်မှာ— **"ဗမာစစ်တပ်ကို စကားပြောရတာ ငါးရှဉ့်ကို စကားပြောရ သလိုပဲ၊ နားမပါဘူး"** ဟူ၍ ဖြစ်သည်။ စစ်တပ်၏ ဦးစားပေးသည် ပြည်သူလူထု၏ ဘေးကင်းလုံခြုံရေး မဟုတ်ဘဲ ၎င်းတို့၏အာဏာ၊ စည်းစိမ်နှင့် လောဘကိုထိန်းသိမ်းရန်သာဖြစ်သောကြောင့် ငြိမ်းချမ်းရေးအတွက်တောင်းဆိုမှုများကို အစဉ်တစိုက်လျစ်လျူရှုခဲ့ခြင်းဖြစ်သည်။ အာဆီယံအနေဖြင့် အနှစ်သာရမရှိသောကတိကဝတ်အတုများဖြင့်

လှည့်ဖြားခြင်းမခံရသင့်ပါ။ ယင်းအစား စစ်ကောင်စီသည် ပထမဆုံးအဆင့်ဖြစ်သောအကြမ်းဖက်မှုများချက်ချင်းရပ်တန့်ရေးအပါအဝင် ဘုံသဘောတူညီ ချက် ၅ ရပ်ကို လက်တွေ့ကျကျအကောင်အထည်ဖော်နေခြင်း ရှိ၊ မရှိ အပေါ်၌သာအာရုံစိုက်သင့်သည်။

"စစ်တပ်ရဲ့ လုပ်ရပ်တွေက ဆန့်ကျင်ဘက်ဦးတည်ရာကို သွားနေချိန်မှာ မြန်မာပြည်သူတွေ ဒါမှမဟုတ် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းတွေအနေနဲ့ ဘယ်လိုလုပ်ပြီး စစ်တပ်ရဲ့ ငြိမ်းချမ်း ရေးလုပ်ငန်းစဉ်အပေါ်ယုံကြည်နိုင်ပါ့မလဲ။"ဟု ကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ရက် (KPSN)မှ နော်ဝါးခူရှီးကပြောကြားခဲ့သည်။ "အရပ်သားတွေအပေါ် လေကြောင်းကနေဗုံးကြဲတိုက်ခိုက်နေတဲ့ တိုက်ခိုက်မှုတိုင်းဟာ ယုံကြည်မှုကို ပိုမိုပျက်ပြားစေပြီး စစ်ကောင်စီရဲ့ စစ်မှန်တဲ့ငြိမ်းချမ်းရေးအပေါ်သန္နိဋ္ဌာန်မရှိမှုကို သက်သေပြနေပါတယ်" ဟု ၎င်းကဆက်ပြောသည်။

အာဆီယံအနေဖြင့် ငြိမ်းချမ်းရေးကို အလေးအနက်ထားပါက အဓိကတာဝန်ရှိသည့် မြန်မာစစ်တပ် အပေါ်သို့သာ ဖိအားပေးရမည်ဖြစ်သည်။ အကြမ်းဖက်မှုများရပ်တန့်ရန်တောင်းဆိုရာတွင် မကြာခဏပင် အဖွဲ့အစည်းအားလုံးကို တန်းတူရည်တူတောင်းဆိုလေ့ရှိပြီး စစ်တပ်ကမှု လေကြောင်းတိုက်ခိုက်မှု များ၊ အရပ်သားလူထုအပေါ် လက်နက်ကြီးဖြင့် ပစ်ခတ်မှုများနှင့် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီ များကို အဟန့်အတားပြုလုပ်နေမှုများကို အပြစ်ပေးခံရခြင်းမရှိဘဲ လွတ်လွတ်လပ်လပ်ကျူးလွန်နေခြင်းမှာ မတရားသည့် မျှခြေညှိမှုမျိုး ဖြစ်သည်။ ယင်းလုပ်ရပ်သည် အာဆီယံ၏ငြိမ်းချမ်းရေးကြိုးပမ်းမှု အပေါ် ယုံကြည်ကိုးစားမှုကို ထိခိုက်စေသည်။

မြန်မာစစ်တပ်က ကျေးရွာများကို လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်နေသရွေ့ စစ်မှန်သော အပစ်အခတ် ရပ်စဲရေးဆိုသည်မှာ မရှိနိုင်ပါ။ အရပ်သားများအပေါ်လေကြောင်းတိုက်ခိုက်မှု ခြိမ်းခြောက်မှုများရှိနေသရွေ့ အဓိပ္ပာယ်ရှိသောငြိမ်းချမ်းရေးဆွေးနွေးပွဲများကို စတင်နိုင်မည်မဟုတ်ပါ။

အာဆီယံ၏ ထိတွေ့ဆက်ဆံမှုသည် နှုတ်ကတိများအပေါ် မဟုတ်ဘဲ စည်းစနစ်ကျကာ စံနှုန်းသတ်မှတ်ချက်များရှိပြီး တိုင်းတာနိုင်သောလက်တွေ့လုပ်ရပ်များအပေါ်တွင်သာအခြေခံရမည်။ ပထမဆုံးသောသတ်မှတ်ချက်မှာ ရှင်းလင်းရမည်ဖြစ်ပြီး **အရပ်သားများအပေါ် တိုက်ခိုက်နေမှုများကို ချက်ချင်းနှင့် လက်တွေ့စိစစ်နိုင်သည့် အနေအထားဖြင့်အဆုံးသတ်ရန်**ဖြစ်သည်။ စစ်တပ်ဘက်က ၎င်းကတိကဝတ်ကို လက်တွေ့မပြသနိုင်သရွေ့ စစ်မှန်သောအပစ်အခတ်ရပ်စဲရေး၊ အနှစ်သာရရှိသော နိုင်ငံရေးဆွေး နွေးပွဲများနှင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးလမ်းကြောင်းကို ဖော်ဆောင်နိုင်မည်မဟုတ်ပါ။

KPSN သည် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံရှိ အဖွဲ့အစည်းပေါင်း ၂၂ ခုဖြင့် ဖွဲ့စည်းထားသော အကြီးဆုံးကရင်လူထုအခြေပြု လူမှုအဖွဲ့အစည်းကွန်ရက်တစ်ခုဖြစ်သည်။ ၎င်း၏အဖွဲ့ဝင်များသည် ပဋိပက္ခဒဏ်သင့်ဒေသရှိ ထိခိုက်လွယ်သော ပြည်သူများနှင့်လူထုကို ဆယ်စုနှစ်ပေါင်းများစွာကူညီပံ့ပိုးပေးခဲ့ပြီး ဒေသခံလူထု၏စွမ်းဆောင်ရည်မြှင့်တင်

ရန်၊ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှုရှိသောအဖွဲ့အစည်းများတည်ဆောက်ရန်နှင့် မြန်မာနိုင်ငံတွင်ရေရှည်တည်တံ့ပြီး တရားမျှတသောငြိမ်းချမ်းရေးဖော်ဆောင်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

ဆက်သွယ်ရန်။ kpsnmedia@gmail.com / kwocentral@gmail.com